## နိုင်ငံရေးသမားဆိုတာ သံရုံးမှာသွားပြီးတောင်ပြော၊ မြောက်ပြော အဲဒါကိုပဲ ဒီမိုကရေစီဆောင်ရွက်နေတယ်၊ ကြိုးပမ်းနေတယ်လို့ မြင်တာမျိုးကို ကျွန်တော်က တကယ်တမ်းကျလက်မခံဘူး







ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများ၏ အမျိုးသားရေးတွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ဇွန်လ (၇)ရက်နေ့က ရွှေဘိုမြို့တွင်ပြုလုပ်ခဲ့ရာ ကိုအေးလွင်(၈၈–မျိုးဆက်ကျောင်းသားလူငယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ)အား နန်းမြင့်ဂျာနယ်တာဝန်ခံအယ်ဒီတာ ဆွေနိုင်စစ်မှ မေးမြန်းခဲ့သည်။

*ကိုအေးလွင်ကို မေးချင်ပါတယ်ခင်ဗျာ။ မင်းကိုနိုင်ရဲ့လှုပ်ရှားမှုမှန်သမျှကို အနောက်နိုင်ငံကနေပြီးတော့ အမြဲတမ်းပံ့ပိုးနေတယ်ဆိုတာကို သိရပါတယ်။ ကိုအေးလွင်တို့အနေနဲ့ကော ဒီ NLD နဲ့လမ်းမခွဲခင်အချိန်တုန်း ကရော၊ လမ်းခွဲပြီးအချိန်ပိုင်းမှာရော အဲဒီလိုအနောက်နိုင်ငံကနေပြီးတော့ကမ်းလှမ်းတာမျိုး၊ ပံ့ပိုးမယ်လို့ပြောတာမျိုး၊ ကိုက်လိုင်းပေးခဲ့တာမျိုးရှိခဲ့ပါသလား။ အခုအချိန်မှာရော ဒီပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများနှင့် တွဲနေတဲ့အချိန်မှာရော ကင်းကွာနေတဲ့အချိန်မှာရော အကြံဉာဏ်ပေးတာမျိုးရှိပါသလား။*

ကိုအေးလွင်မှ မင်းကိုနိုင်နဲ့ သူနဲ့လက်တွဲပြီးလှုပ်ရှားနေမှုမှာ ပြည်ပနိုင်ငံတွေကနေပြီးတော့ အချိန်တိုင်းမှာ ပံ့ပိုးမှုတွေရှိတယ်ဆိုတဲ့ကိစ္စမှန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘာပဲလုပ်လုပ် ပြောစရာမရှိ ပြောစရာရှာပြီး သတင်းမီဒီယာတွေက ထည့်ပေးနေတာကိုက အဲဒါပံ့ပိုးမှုတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ဒီနေ့ရွှေဘိုမှာ လူထောင်ချီတက်တဲ့ပွဲလိုဟာမျိုးကို သတင်းဌာနတွေက ထုတ်လွှင့်ပေးမလား တက်လာတဲ့လူတွေက စောင့်ကြည့်လိုက်ပါ။ ဒါဟာ ကွာခြားချက်တစ်ခုပါ။ မင်းကိုနိုင်ကို ဘာဖြစ်လို့ပံ့ပိုးသလဲ။ ကျွန်တော်တို့ကျတော့ ဘယ်လိုလဲ။ ကျွန်တော်တို့ကို တစ်ချိန်တုန်းက မင်းကိုနိုင်မပေါ်ပေါက်ခင်ကတည်းက အမေရိကန်အစိုးရအခြေစိုက်တဲ့သံရုံးရှိတယ်။ အဲဒီတုန်းက သံအမတ်ကြီးက ဘာတာလီဗင်ဖြစ်တယ်။ သူကကျွန်တော်တို့ကို ကမ်းလှမ်းဘူးတယ်။ သူတို့သံရုံးနဲ့ ပုံမှန်ပြောတာလေးဘဲလုပ်ပေး။ လိုတာအားလုံး သူတို့ပံ့ပိုးပေးမယ်လို့ပြောဘူးတယ်။ အဲဒီတော့ ဘယ်လိုနားလည်ရမလဲဆိုတော့ နိုင်ငံရေးသမားဆိုတာ သံရုံးမှာသွားပြီးတောင်ပြော၊ မြောက်ပြော အဲဒါကိုဘဲ ဒီမိုကရေစီဆောင်ရွက်နေတယ်၊ ကြိုးပမ်းနေတယ်လို့မြင်တာမျိုးကို ကျွန်တော်ကတကယ်တမ်းကျလက်မခံဘူး။ တကယ်တမ်းကျတော့ ပြည်သူလူထု၏အခန်းကဏ္ဍမှာ ပြည်သူကဘယ်လိုနားလည်ပြီးပါဝင်ရမှာလဲ။ နိုင်ငံရေး လောကက ဒီတိုင်းပြည်ရဲ့ ဒီမိုကရေစီရေးကိုဘယ်လိုအခြေခံကျကျအမြင်နဲ့သွားရမှာလဲ။ တပ်မတော်ကိုယ်တိုင် က ဒီနေ့တိုင်းပြည်တာဝန်တွေကိုယူထားတယ်။ တာဝန်မယူခင်ကရော ဘယ်လိုပုံသဏ္ဌာန်နဲ့ပါဝင်ရမလဲ။ ဒါတွေကိုကျွန်တော်တို့က တွေးခေါ်ပြီးတော့ ဒီအရေးကိစ္စတွေအပေါ်မှာသာ တောက်လျှောက်ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မင်းကိုနိုင်လောက် ပြင်ပမီဒီယာတွေက ကျွန်တော့်ကိုအရေးမထားပါဘူး၊ အရေးလဲမပေးပါဘူး၊ ပံ့ပိုးမှုလည်းမလုပ်ပါဘူး၊ အဓိကက ပေါ်လစီပါ။ အစိုးရက လက်ရှိတိုင်းပြည်မှာအုပ်ချုပ်နေတဲ့ တပ်မတော်အစိုးရက ပြည်သူလူထု (——————————————

စာတစ်ကြောင်းပျက်) နိုင်ငံတကာအသိုင်းအဝိုင်းက ဒီတပ်မတော်အစိုးရအုပ်ချုပ်နေတာကိုပဲ ဒီမိုကရေစီ ဆန့်ကျင်ဘက်ပဲလို့ တောက်လျှောက်အဲဒီအမြင်နဲ့ ဒီနေ့အစိုးရကို ဆန့်ကျင်နေတဲ့လူကိုသာ အားပေးလာခဲ့တာ ဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့နဲ့ကျတော့ နိုင်ငံတကာအမြင်ချင်းလည်းခြားနားပါတယ်၊ ဒီနေ့မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေတွေကို ပြည်နိုင်ငံများအနေနဲ့ ပြည်ပအသံလွှင့်ဌာနတွေကနေဖော်ပြလာဖို့အတွက် လိုအပ်ချက်တွေရှိနေပါတယ်။ အဲဒါဘာလဲဆိုတော့ ပြည်သူလူထု၏ နိုင်ငံရေးအင်အားစုတွေရယ်၊ တပ်မတော် အစိုးရရယ် ပူးပေါင်းဆောင်ရွက်မှုအရှိန်မြင့်လာတာနဲ့အမျှ ပြည်ပဌာနတွေ၊ ပြည်ပနိုင်ငံတွေရဲ့ အားထုတ်မှုတွေ မယောင်ရာဆီလူးတဲ့အလုပ်တွေ ဖယ်ရှားပြီးတော့ ဒီနေ့မြန်မာနိုင်ငံသွားနေတဲ့လမ်းကြောင်းအတွက် အထောက်အကူပြုတဲ့အခြေအနေကောင်းတွေ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ မင်းကိုနိုင်လိုမျိုး ပြည်ပနိုင်ငံတွေရဲ့ထောက်ပံ့မှုကို မယူပါဘူး၊ ကျွန်တော်တို့ဆိုရင် ပြည်ပသတင်းဌာနတွေမှာ ဆက်သွယ်မေးမြန်း ဆောင်ရွက်တဲ့အခါတွေမှာ မင်းကိုနိုင်တို့အုပ်စု NLD အုပ်စုနဲ့သပိတ်လုပ်တဲ့အခန်းကဏ္ဍကသာလျှင် ပါဝင်ခွင့်ရှိတဲ့ လူတွေသာဖြစ်ပါတယ်။ ဒါဟာဘာလဲ ကျွန်တော်တို့လှုပ်ရှားမှုတွေ အရှိန်အဟုန်မြင့်လာဖို့ မလွဲသာမရှောင်သာလို့ ဖော်ပြမပေးလို့ရှိရင် မဖြစ်လို့ သူတို့သတင်းဌာနတွေရဲ့ဂုဏ်သိက္ခာအတွက် အခန်းကဏ္ဍ တစ်ခုပေးထားတာပဲ ရှိပါတယ်။ ဒါဟာပံ့ပိုးမှုမဟုတ်ပါဘူး။ သူတို့ဂုဏ်ကိုသူတို့ပြန်ဆယ်တဲ့အနေနဲ့ပဲ ဖြစ်ပါတယ်။ ဒီလောက်ပဲကျွန်တော်ပြောကြားလိုပါတယ်။